

ကောလင်းမြို့

ဒီဇင်ဘာလ ၁၁ ရက်နေ့၊ ၂၀၂၂ ခုနှစ်။

# စစ်ကိုင်းတိုင်း ကောလင်းခရိုင်၊ ကောလင်းမြို့နယ်အတွင်းရှိ ကျေးရွာ (၅)ရွာအား အကြမ်းဖက် မီးရှို့ခံရသည့်ဖြစ်စဉ်

## ပြစ်မှုကျူးလွန်သူ

အနောက်မြောက် တိုင်းစစ်ဌာနချုပ်လက်အောက်ခံ၊ အမှတ်(၁၀) စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ် (စကခ-၁၀)လက်အောက်ရှိ ကလေးမြို့အခြေစိုက်တပ်များဖြစ်သည့် ခမရ-၃၆၁၊ ခမရ- ၃၆၃ နှင့် ဟုမ္မလင်းအခြေစိုက် ခမရ-၃၆၉ တပ်များ

## ကျူးလွန်ခံရသူများ

### အတည်ပြုနိုင်ခဲ့သော သေဆုံးသူများ

၁. ကိုကံမင်းစိုး  အသက် (၃၀)နှစ်
၂. ကိုအဲမောင် အသက်(၃၀)နှစ်
၃. ကိုနိုင်ဝင်းထွန်း အသက်(၃၀) နှစ်
၄. ကိုမောင်မြင့် အသက် (၄၀)နှစ်၊
၅. ကိုမြင့်စိုး အသက် (၄၅)နှစ်
၆. ဦးသိန်းအောင် အသက်(၅၀)နှစ်




### ပြည်သူပိုင်ပစ္စည်းဆုံးရှုံးမှု

- စစ်ကိုင်းတိုင်း ကောလင်းခရိုင်၊ ကောလင်းမြို့နယ်အတွင်းရှိ ရွာ(၅)ရွာမှ အိမ်ခြေစုစုပေါင်း (၂၂၁)လုံး
- ကျေးရွာ (၅)ရွာ ဇီးဖြူကုန်း၊ လျှော်ဖြူကုန်း၊ ပေပင်ချောင်၊ ကုက္ကိုလ်ကုန်းနှင့် ညောင်ကုန်း ရွာ

### ဒီဇင်ဘာလ (၁၁) ရက်နေ့ မှ (၁၂ ) ရက်နေ့ထိ၊ ၂၀၂၂။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၁၁)ရက်နေ့မှ ဒီဇင်ဘာလ(၁၂)ရက်အထိ စစ်ကိုင်းတိုင်း၊ ကောလင်းခရိုင်၊ ကောလင်းမြို့နယ်အတွင်းရှိ ကျေးရွာ(၅)ရွာကို စစ်ကြောင်းထိုး ဝင်ရောက်၍ နေအိမ်များကို မီးရှို့ဖျက်စီး မှုများ လုပ်ဆောင်ခဲ့သည်။ အဆိုပါ ကျေးရွာ (၅)ရွာမှာ ဇီးဖြူကုန်း၊ လျှော်ဖြူးကုန်း၊ ပေပင်ချောင်၊ ကုက္ကိုလ်ကုန်းနှင့် ညောင်ကုန်း ရွာတို့ဖြစ်ပြီး၊ မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ် (၂၂၁)လုံး ဆုံးရှုံးခဲ့ရသည်။ ထို့အပြင် ရုပ်အလောင်း (၅)လောင်းကိုလည်း ပေပင်ချောင်ရွာတွင် တွေ့ရှိခဲ့ကြသည်။

အဆိုပါ မီးရှို့ဖျက်ဆီးမှုများကို လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်စစ်ကောင်စီ တပ်သည် အနောက်မြောက် တိုင်းစစ်ဌာနချုပ်လက်အောက်ခံ၊ အမှတ်(၁၀) စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်(စကခ-၁၀)လက်အောက်ရှိ ကလေးမြို့ အခြေစိုက်တပ်များဖြစ်သည့် ခမရ-၃၆၁၊ ခမရ- ၃၆၃ နှင့် ဟုမ္မလင်းအခြေစိုက် ခမရ-၃၆၉ တပ်များဖြစ်သည်။ အဆိုပါ စစ်ကြောင်းသည် ကန့်ဘလူမြို့နယ်၊ ကိုးတောင်ဘို့တိုက်နယ်နှင့် ချပ်သင်း တိုက်နယ်မှ ထွက်ခွာလာသည့် အင်အား ၁၃၆ ခန့်ပါသည့် ပူးပေါင်းစစ်ကြောင်းဖြစ်သည်။

### ဒီဇင်ဘာလ ၁၁၊ ၂၀၂၂။

ကော့လင်းမြို့ အရှေ့ဘက် ၂၅ မိုင်အကွာတွင် ဇီဖြူကုန်းရွာတည်ရှိပြီး၊ ဒီဇင်ဘာလ(၁၁)ရက်နေ့၊ နံနက် (၅)နာရီအချိန်ခန့်တွင် စစ်ကောင်စီတပ်မှ အင်အား (၈၀)ကျော်ခန့်ဖြင့် ဝင်ရောက်စီးနင်းမှုများ ပြုလုပ်စဉ် လက်နက်ကြီး၊ လက်နက်ငယ် များဖြင့် ပစ်ခတ်မှုများပြုလုပ်ခဲ့ပြီး၊ စစ်ကောင်စီတပ်များ နေအိမ် မီးရှို့မှုကြောင့် နေအိမ် (၄၂)လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့နောက် အကြမ်းဖက်စစ်ကောင်စီတပ်များသည် ဇီးဖြူကုန်းရွာနှင့် တစ်မိုင်ခန့် ဝေးသည့် လျှော်ဖြူ ကုန်းရွာကို ဆက်လက် စစ်ကြောင်းထိုးဝင်ရောက်ခဲ့ပြီး၊ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် နေအိမ် (၂၄)လုံး ပျက်စီးဆုံးရှုံးခဲ့ရ သည်။ ထို့အပြင် လျှော်ဖြူကုန်းရွာ ဒေသခံတစ်ဦးဖြစ်သည့် အသက် (၄၀)နှစ် အရွယ် ကိုမောင်မြင့်မှာပစ်သတ်ခံရပြီးသေဆုံးခဲ့သည်။

### ဒီဇင်ဘာလ ၁၂၊ ၂၀၂၂။

လျှော်ဖြူးကုန်းရွာနှင့် နှစ်မိုင်ခန့်ဝေးသည့် ပေပင်ချောင်ရွာကို အကြမ်းဖက် စစ်ကောင်စီတပ်များ ဝင်ရောက်စဉ် ဒေသခံ PDFနှင့် ပကဖ အဖွဲ့တို့ ပူးပေါင်း၍ ခုခံတိုက်ခိုက်မှုများပြုလုပ်ခဲ့သည့်အတွက် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့နောက် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ရွာထဲကို ဆက်လက်ဝင်ရောက် လာခဲ့ပြီး ကျန်းမာရေး မကောင်း၍ မပြေးနိုင်သူတစ်ဦးကို သယ်ထုတ်ရန် ရောက်နေသည့် အရပ်သား ပြည်သူ ငါးဦးကို ဖမ်းဆီးပြီး၊ သေနတ်ဒင်ဖြင့် ဦးနှောက်ထွက်အောင် ရိုက်သတ် ခြင်း၊ လည်လှီးခြင်း၊ မျက်လုံးဖောက်ခြင်း စသည့် ရက်စက်စွာ သတ်ဖြတ်မှုကို ပြုလုပ်ခဲ့သည်။ ထိုသို့ လူမဆန်စွာ သတ်ဖြတ်ခံရသူများမှာ အသက်(၃၀)နှစ်အရွယ် ကိုကံမင်းစိုး၊ အသက်(၃၀)နှစ်အရွယ် ကိုအဲမောင်၊ အသက်(၃၀)နှစ်အရွယ် ကိုနိုင်ဝင်းထွန်း၊ အသက်(၅၀)နှစ်အရွယ် ဦးသိန်းအောင်နှင့် အသက် (၄၅)နှစ်အရွယ် ကိုမြင့်စိုးတို့ ဖြစ်သည်။ ထို့နောက် နေအိမ်များကို မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့သည့် အတွက် နေအိမ် (၃၉)အိမ် ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့အပြင် ကျောက်ပြင်သာရွာတွင် စစ်ဘေးရှောင်နေသည့် ဒေါ်ကြွဲ(၇၈နှစ်)သည် ၎င်း၏သား ပစ်သတ်ခံရသည်ကို ကြားပြီးသွေးတက်သေဆုံး၍ ကျောက်ပြင်သာရွာ၌ သင်္ဂြိုဟ်ခဲ့ရသည်။

ထို့နောက် ပေပင်ချောင်ရွာနှင့် ကပ်လျက်ရှိသည့် ကုက္ကိုကုန်းနှင့် ညောင်ကုန်း ရွာတို့ကို ဆက်လက် ဝင်ရောက်မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ မီးရှို့ဖျက်ဆီးမှုကြောင့် ကုက္ကိုကုန်းရွာတွင် နေအိမ် (၈၇)လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး၊ ညောင်ကုန်းရွာတွင် နေအိမ် (၂၉)လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။

## သေဆုံးသူများ

| စဥ် | ရက်စွဲ | အမည် | အသက် | မိသားစု | ကျေးရွာ |
|---|---|---|---|---|---|
| ၁ | ၁၂.၁၂.၂၀၂၂ | ကိုကံမင်းစိုး | ၃၀ | - | ပေပင်ချောင်ရွာ |
| ၂ | ၁၂.၁၂.၂၀၂၂ | ကိုအဲမောင် | ၃၀ | - | ပေပင်ချောင်ရွာ |
| ၃ | ၁၂.၁၂.၂၀၂၂ | ကိုနိုင်ဝင်းထွန်း | ၃၀ | - | ပေပင်ချောင်ရွာ |
| ၄ | ၁၁.၁၂.၂၀၂၂ | ကိုမောင်မြင့် | ၄၀ | - | လျှော်ဖြူရွာ |
| ၅ | ၁၂.၁၂.၂၀၂၂ | ကိုမြင့်စိုး | ၄၅ | ဒေါ်ကြွဲ (အမိ) | ပေပင်ချောင်ရွာ |
| ၆ | ၁၂.၁၂.၂၀၂၂ | ဦးသိန်းအောင် | ၅၀ | - | ပေပင်ချောင်ရွာ |

• ဒေါ်ကြွဲသည် ကျောက်ပြင်ရွာတွင် စစ်ဘေးရှောင်နေရင်း သားဖြစ်သူ အသတ်ခံရသည် သတင်းကြား၍ နှလုံးရပ် သေဆုံးခဲ့သည်။



ပုံ ၁ - ဇီးဖြူကုန်းရွာအတွင်း မီးလောင်ပျက်စီးနေမှုကို မြင်ရပုံ



ပုံ ၂ - ပေပင်ချောင်ရွာအတွင်း မီးလောင်ပျက်စီးနေမှုကို မြင်ရပုံ





ပုံ ၃၊ ၄ - ပေပင်ချောင်ရွာအတွင်း လူမဆန်စွာသတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းများ





ပုံ ၅၊ ၆ - ပေပင်ချောင်ရွာအတွင်း မီးရှို့မှုကြောင့် သေကြေပျက်စီးရသည့် အိမ်မွေးတိရစ္ဆာန်များ



ပုံ ၇ - စစ်ကောင်စီတပ်မှမီးရှို့ဖျက်ဆီးမှုကြောင့်
ထိခိုက်ပျက်စီးမှုများ



ပုံ ၈ - စစ်ကောင်စီတပ်မှမီးရှို့ဖျက်ဆီးမှုကြောင့်
မီးလောင်ဆုံးရှုံးခဲ့ရသည့်နေအိမ်များ







ပုံ ၉၊ ၁၀၊ ၁၁ - စစ်ကောင်စီတပ်မှမီးရှို့ဖျက်ဆီးမှုကြောင့် ထိခိုက်ပျက်စီးမှုများ